DENVER PUBLIC SCHOOLS | Student Equity and Opportunity
Success in School, Success in Life
780 Grant St., Denver, CO 80203
720-423-1416

2017 ခုနှစ်၊ ဖေဖော်ဝါရီလ 24 ရက်

လေးစားရပါသော ဒင်းဗားအစိုးရကျောင်း အသိုက်အဝန်းခင်ဗျား-

လွန်ခဲ့သောရက်သတ္တပတ်အနည်းအတွင်း ကိုလိုရာဒိုပြည်နယ်တွင် ပါးကြိုတ်ရောဂါ အများအပြား ဖြစ်ပွားလျှက်ရှိကြောင်း သိရှိရပါသည်။ ပိုင်းရစ်ကြောင်းဖြစ်ပွားသည့် ဤပါးကြိုတ်ရောဂါသင်္ကေတ နှင့် ရောဂါအချက်အလက်များနှင့် ယင်းကို မည်သို့တားဆီးကာကွယ်ရမည်ကို သိရှိနိုင်ရန်အတွက် ပါးကြိုတ်ရောဂါ သတိပေးချက်ကို သင့်ထံ ကျွန်ုပ်တို့ ပေးပို့လိုက်ပါသည်။

ပါးကြိုတ်ရောဂါသည် ချောင်းဆိုးခြင်းနှင့် နှာချေခြင်း သို့မဟုတ် ရောဂါဖြစ်ပွားနေသူများနှင့် သောက်ရေခွက်များ သို့မဟုတ် မီးဖိုချောင်သုံးတန်ဆာပလာများ မျှဝေသုံးစွဲခြင်း စသည့်တို့ကဲ့သို့ တိုက်ရိုက်ထိတွေ့ခြင်းတို့ကြောင့်လည်း ပျံ့နှံ့ကူးစက်တတ်သည်။ ပါးကြိုတ်ရောဂါဖြစ်ပွားခြင်းသည် ဘုရားကျောင်း၊ ကျောင်း၊ ကုန်စုံစတိုးဆိုင်နှင့် အပန်းဖြေ အနားယူသည့် စင်တာများ ကဲ့သို့ အများပြည်သူနေရာများတွင် ဖြစ်ပွားနိုင်ပါသည်။ နာမကျန်းမဖြစ်သောကျောင်း သူ/သားများသည်သာ ကျောင်းတက်ရမည်ဖြစ်သည်။

ပါးကြိုတ်ရောဂါဖြစ်ပွားခြင်းမှ ကျောင်းသူ/သားများအား ကာကွယ်ပေးသည့်အကောင်းဆုံးနည်းလမ်းမှာ MMR ကာကွယ်ဆေး ထိုးသွင်းပေးခြင်း ဖြစ်သည်။ အခမဲ့ သို့မဟုတ် ဈေးသက်သက်သာသာနှင့် ကွယ်ဆေးများထိုးပေးသည့် ဆေးခန်းများထောက်ပံ့ပေး သော ဒေသန္တရအေဂျင်စီများ အများအပြား ရှိပါသည်။ ထိုဆေးခန်းများ သို့မဟုတ် သင့် ကျောင်းသူ/သားများ၏ ကာကွယ်ဆေးမှတ်တမ်း(များ) နှင့်ပတ်သက်၍ အချက်အလက်ပိုမိုသိရှိလိုပါက သူနာပြု ကျောင်းသို့ ဆက်သွယ်စုံစမ်းပါ။

ကျွန်ုပ်တို့ကျောင်းများအတွင်း ထိုသို့ဖြစ်ပွားမှုတစ်စုံတစ်ရာ ရှိကြောင်း ဒင်းဗားအစိုးရကျောင်းမှ သတိပေးထားခြင်း အလျဉ်းမရှိသေးပါ။ ထို့ကြောင်း ကျွန်ုပ်တို့၏အသိုက်အဝန်း အပေါ်ကျရောက်သည့်အကျိုးသက်ရောက်မှုသည် အလွန်နည်းပါး သည်ဟု မျှော်လင့်မိပါသည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်နှင့် ဒေသန္တရပြည်သူ့ကျန်းမာရေး အေဂျင်စီများနှင့် ရင်းနီးစွာ ဆက်ဆံဆောင်ရွက်နေပါသည်။ သတင်းအချက်အလက်ပိုမိုရသည်နှင့်တပြိုင်နက် ထပ်လောင်း သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါမည်။

ကျေးဇူးတင်ပါသည်၊

ကျောင်းသူ/သားတိုင်း တန်းတူညီမျှရေးနှင့် အခွင့်အလမ်းများ